မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

November 10 , 2025 Volume 96 , Number 5

၁၀-၁၁-၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၂၉.၂၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၂.၁၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၆၅.၈၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၂.၃၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၉၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၆၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၄.၄၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၄.၈၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၈၈ ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ပြည်တွင်း သကြားလက်ကျန်များနေသဖြင့် ပြည်ပသို့ ပိုမိုတင်ပို့နိုင်မည်



ပြည်တွင်းမှာ သကြားသုံးစွဲမှု လျော့ကျလာတာကြောင့် ပြည်ပဝယ်လက်နိုင်ငံတွေကို ပိုမိုတင်ပို့နိုင်မယ်လို့ မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်းကနေ သိရပါတယ်။ ပြီးခဲ့တဲ့နှစ်ကထက် သကြားပိုလျှံမှုများလာလို့ ပြည်ပကို သကြားပိုမိုတင်ပို့နိုင်ဖို့ ဆောင်ရွက်နေတယ်လို့ အသင်းတာဝန်ရှိသူက ပြောပါတယ်။

"လက်ရှိ ပြည်တွင်းမှာ သကြားသုံးစွဲမှုကလည်း လျော့ကျလာနေတော့ သကြားပိုလျှံမှုတွေ များလာပါတယ်"လို့ ဆိုပါတယ်။

ပြည်တွင်းသကြားဈေးက တစ်ပိဿာကို ကျပ် ၄,၀၀၀ ဝန်းကျင် ပေါက်ဈေးရှိနေပြီး နိုင်ငံတကာသကြားပေါက်ဈေးလည်း အနိမ့်ဈေးဖြစ်တဲ့ တစ်တန်ကို အမေရိကန်ဒေါ်လာ ၅၀၀ ခန့်ဝန်းကျင်မှာ အရောင်းအဝယ်ဖြစ်နေပါတယ်။ နိုင်ငံတကာမှာ သကြားဈေးကျဆင်းမှုနဲ့အတူ ပြည်တွင်းသကြားဈေးကလည်း လိုက်ပါကျဆင်းနေတဲ့အကြောင်း ၎င်းက ပြောထားပါတယ်။

ယခုနှစ် ကြံရာသီမှာ ပြည်တွင်းသကြားစက်ရုံတွေကနေ ကြံတစ်တန်ဈေးနှုန်း သတ်မှတ်ဖို့ ညှိနှိုင်းနေဆဲဖြစ်ပြီး ငွေရည်ပုလဲသကြားစက်တစ်ခုတည်းကပဲ တစ်တန်ကို ကျပ် ၁၇၀,၀၀၀ နဲ့ ဈေးဖွင့်ထားပါတယ်။

ပြီးခဲ့တဲ့နှစ် ကြံရာသီတုန်းက သကြားစက်တွေအနေနဲ့ ကြံတစ်တန်ကို ကျပ် ၁၅၀,၀၀၀ ကနေ ၂၀၀,၀၀၀ အထိ ပေါက်ဈေးပေးဝယ်ယူခဲ့ပေမဲ့ လက်ရှိမှာတော့ သကြားပိုလျှံနေတာကြောင့် ဈေးချဝယ်ယူလျက်ရှိပါတယ်။

ပြည်တွင်းသကြားဈေးနှုန်းက အောက်တိုဘာလဆန်းပိုင်းကနေစပြီး ဈေးကျရာကနေ နိုဝင်ဘာလဆန်းပိုင်းမှာ ပေါင်းသကြား တစ်ပိဿာကို ကျပ် ၃,၅၀၀-၄,၀၀၀၊ ခဲသကြား တစ်ပိဿာကို ၃,၄၀၀ -၃,၅၀၀ ကျပ်သာ ပေါက်ဈေးရှိနေတယ်လို့ သိရပါတယ်။

**Source: BETV Business**

## ဆီကြိတ်ဖတ်များ ဈေးကောင်းရပြီး အရောင်းအဝယ်သွက်နေ



မွေးမြူရေးအစာစက်ရုံများမှ အများဆုံးဝယ်ယူမှုရှိသည့် ဆီကြိတ်ဖတ်များအား မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ပြောင်းဖူးစေ့များကဲ့သို့ ဈေးကွက်တစ်ခု ရှိနေပြီး အောက်တိုဘာလကုန်ပိုင်း တွင် ဆီကြိတ်ဖတ်များ ဈေးကောင်းရကာ အရောင်းအဝယ်သွက်နေကြောင်း သိရသည်။

အောက်တိုဘာလ နောက်ဆုံးပတ်တွင် ဖြစ်ပေါ်လျက်ရှိသော ဆီကြိတ်ဖတ်ဈေးနှုန်းများမှာ မြေပဲဖတ် တစ်ပိဿာလျှင် ကျပ် ၆၀၀၀-၆၂၀၀၊ ယခင်တစ်ပတ်က တစ်ပိဿာလျှင် ကျပ် ၅၇၀၀- ၅၈၀၀ ပေါက်ဈေးရှိရာ တစ်ပိဿာလျှင် ကျပ် ၃၀၀-၄၀၀ ခန့် ဈေးမြင့်တက်လာသည်။

ယခုတစ်ပတ် နှမ်းဖတ်ဈေးနှုန်းများမှာ တစ်ပိဿာလျှင် ကျပ် ၃၆၀၀- ၃၈၀၀ ပေါက်ဈေးရှိပြီး ယခင်တစ်ပတ် တစ်ပိဿာလျှင် ကျပ် ၃၅၀၀- ၃၆၀၀ ပေါက်ဈေးရှိရာ ယခင်တစ်ပတ်ထက် တစ်ပိဿာလျှင် ကျပ် ၁၀၀- ၂၀၀ ခန့် ဈေးမြင့်လာသည်။ နေကြာဖတ် တစ်ပိဿာဈေးနှုန်းများမှာ ယခုတစ်ပတ် တစ်ပိဿာလျှင် ကျပ် ၃၀၀၀ – ၃၂၀၀၊ ယခင်တစ်ပတ်က တစ်ပိဿာလျှင် ကျပ် ၂၈၀၀ – ၃၀၀၀ ပေါက်ဈေးရှိနေရာ ယခင်တစ်ပတ်ထက် တစ်ပိဿာလျှင် ကျပ် ၂၀၀ ခန့် ဈေးမြင့်လာသည်။

မုန်ညင်းဖတ် တစ်ပိဿာဈေးနှုန်းများမှာ ယခုတစ်ပတ် တစ်ပိဿာလျှင် ကျပ် ၃၁၀၀ – ၃၂၀၀၊ ယခင်တစ်ပတ် တစ်ပိဿာလျှင် ကျပ် ၃၀၀၀ -၃၂၀၀ ပေါက်ဈေးရှိနေရာ ယခင်တစ်ပတ်ထက် တစ်ပိဿာလျှင် ကျပ် ၁၀၀ ခန့် ဈေးမြင့်လာသည်။

ပြည်တွင်းဆီစက်ပိုင်များက အသစ်ဝင်မြေပဲဆန်များကိုဝယ်ယူကာ ကြိတ်ခွဲနေပြီး မွေးမြူရေးအစာစက်ရုံများမှ ဆီကြိတ်ဖတ်များ ဝယ်လိုအားကောင်းနေကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## အသစ်ဝင်မြေပဲဆန်များကို ပြည်တွင်း ဆီစက်ပိုင်များမှ သင့်တင့်မျှတသော ပေါက်ဈေးဖြင့်ဝယ်ယူရန် တိုက်တွန်းထား

နယ်စုံမှဝင်ရောက်လာသည့် မြေပဲဆန်များကို ပြည်တွင်းဆီစက်ပိုင်များက သင့်တင့်မျှတသောပေါက်ဈေးဖြင့် ဝယ်ယူရန် ပဲကုန်သည်များနှင့် ပြည်တွင်းဆီစက်ပိုင်များကို တိုက်တွန်းထားကြောင်း မြန်မာနိုင်ငံဆီစက် ပိုင်ရှင်များအသင်းမှ သိရသည်။

လက်ရှိမှာ မြေပဲဆန်အသစ်တွေ နယ်စုံကနေ ဈေးကွက်အတွင်း ဝင်ရောက်လာချိန်ဖြစ်ကြောင်း၊ ပဲသစ်ပေါ်ချိန်မှာ လိုအပ်တာထက်ပိုပြီး ဈေးကျဆင်းမှုမရှိအောင် မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းမှ ပဲအရည်အသွေးအလိုက် သင့်တင့်မျှတသောဈေးတန်းတစ်ခုဖြင့် ဝယ်ယူပေးနေကြောင်း၊ ထို့သို့ ဝယ်ယူပေးရာတွင် ပဲအမျိုးအစားအလိုက် ပေါက်ဈေးများအတိုင်း




ဝယ်ယူပေးကြရန်နှင့် ဈေးကွက်ပေါက်ဈေးထက် လျော့ကျဝယ်ယူထားမျိုး မပြုလုပ်ကြရန် တိုက်တွန်းထားပြီး လက်ရှိမှာ နယ်စုံမှ မြေပဲဆန်များ မန္တလေးဈေးကွက်သို့ ဝင်ရောက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌ ဦးဆန်းထွန်းလွင်က ပြောသည်။

"အခုကတော့ မြေပဲဆီရောင်းချမှု နည်းပါးနေလို့သာ မြေပဲဆန်ဈေး ကျဆင်းမှုရှိနေတာပါ။ လက်ရှိမှာ မြေပဲဆန် နယ်စုံက ဝင်ရောက်လို့ ဈေးကျဆင်းမှုမရှိအောင်၊ သင့်တင့်မျှတသော ဈေးပေးဝယ်ယူရန် မြန်မာနိုင်ငံ ဆီစက်ပိုင်များအသင်းက ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူပေးနေပါတယ်။ ရည်ညွှန်းဈေးသတ်မှတ်တာမျိုး မဟုတ်သော်လည်း ဈေးကျဆင်းမှုမရှိအောင် M တွဲ ဆီဆန်ဆိုရင် တစ်ပိဿာ ကျပ် ၇၈၀၀၊ S1 လုံးဆန်ဆိုရင် တစ်ပိဿာ ကျပ် ၈၀၀၀၊ ပဲအရည်အသွေးလျော့ရင် တစ်ပိဿာ ကျပ် ၇၆၀၀-၇၇၀၀ ပေါက်ဈေးနဲ့ ဝယ်ပေးနေပါတယ်။ လက်ရှိ ပေါက်ဈေးထက်လျှော့ချပြီး မဝယ်ယူဖို့ တိုက်တွန်းထားပါတယ်"ဟု ၎င်းကပြောသည်။


လက်ရှိမှာ မြေပဲဆန်အသစ်များ ဈေးအတွင်းဝင်ရောက်မှုများနေသလို ပြည်တွင်းပဲဆီရောင်းချရမှုမှာလည်း နည်းပါးနေတာကြောင့် မြေပဲဆန်ဈေးများမှာ တစ်ပိဿာ ကျပ် ၈၀၀၀ အောက်ကျဆင်းစရာမရှိကြောင်း အရည်အသွေးမီ ဆီသားချည်းမြေပဲဆီမှာ တစ်ပိဿာ ကျပ် ၁၄၀၀၀ သာ ရောင်းချနေသည်။

ဆီထွက်သီးနှံစိုက်ပျိုးသည့် တောင်သူများနှင့် ဆီထုတ်လုပ်သည့် ကွင်းဆက်တစ်ခုလုံး လည်ပတ်နိုင်အောင် ဝယ်ယူရောင်းချနေခြင်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

မန္တလေးဈေးကွက်သို့ မကွေး၊ နတ်မောက်၊ ချောက်၊ ရေနံချောင်းစသည့် နယ်စုံမှ မြေပဲဆန်အသစ်များ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## အိန္ဒိယက အခွန်ကင်းလွတ်ခွင့် ရပ်ဆိုင်းသဖြင့် မြန်မာ့စားတော်ပဲ တင်ပို့မှုလျော့ကျသွားနိုင်



အိန္ဒိယအစိုးရက စားတော်ပဲ တင်သွင်းမှုအပေါ် အကောက်ခွန်ကင်းလွတ်ခွင့် ရပ်ဆိုင်းလိုက်တာကြောင့် မြန်မာနိုင်ငံကနေ အိန္ဒိယဈေးကွက်ကို တင်ပို့မှုလျော့သွားနိုင်ကြောင်း ကိုလ်ကတ္တားမြို့အခြေစိုက် မြန်မာစီးပွားရေးသံမှူးထံကနေ သိရပါတယ်။

နိုဝင်ဘာလ ၁ ရက်နေ့ကစပြီး စားတော်ပဲတင်သွင်းမှုအပေါ် ၁၀ ရာခိုင်နှုန်း တင်သွင်းခွန်နဲ့ စိုက်ပျိုးရေးအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးအခွန် ၂၀ ရာခိုင်နှုန်းတို့ကို ကောက်ခံသွားမယ်လို့ အိန္ဒိယဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

စားတော်ပဲတင်သွင်းခွန်ကို ပြန်လည်ကောက်ခံဖို့ ဆုံးဖြတ်ချက်က အိန္ဒိယစိုက်ပျိုးသူတွေကို ပိုမိုကောင်းမွန်တဲ့ ဈေးနှုန်းတွေ ရရှိစေရန် ကူညီပေးမှာဖြစ်ပြီး လက်ရှိမှာ အစိုးရကသတ်မှတ်ထားတဲ့ အနိမ့်ဆုံးပံ့ပိုးဈေးနှုန်းတွေထက် လျော့နည်းတဲ့ နှုန်းထားတွေကိုသာ ရရှိနေတာကြောင့်လို့ ဆိုပါတယ်။

ဒါ့ကြောင့် အိန္ဒိယအစိုးရရဲ့ စားတော်ပဲတင်သွင်းမှုကို အခွန် ၃၀ ရာခိုင်နှုန်းအထိ ပြန်လည်ကောက်ခံလိုက်တာကြောင့် မြန်မာနိုင်ငံမှ စားတော်ပဲတင်ပို့သူတွေအနေနဲ့ ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်စွမ်းကျဆင်းမှာဖြစ်တယ်လို့လည်း စီးပွားရေးသံမှူးက ဆိုပါတယ်။

သို့သော်လည်း အိန္ဒိယအစိုးရက ပဲတီစိမ်း၊ မတ်ပဲနဲ့ပဲစင်းငုံတို့ကို အနိမ့်ဆုံးပံ့ပိုးဈေးနှုန်း (MSPs) ဖြင့် ဝယ်ယူပံ့ပိုးနေခြင်းက မြန်မာနိုင်ငံအတွက် အဆိုပါ ပဲအမျိုးအစားများ တင်ပို့မှုတည်ငြိမ်ရေးကို ဆက်လက်ထိန်းသိမ်းထားနိုင်မဲ့ အခွင့်အလမ်း ရှိနေဆဲလို့လည်း ပြောကြားထားပါတယ်။

စားတော်ပဲကို စစ်ကိုင်းတိုင်းဒေသကြီးမှာ အများဆုံးစိုက်ပျိုးကြပြီး ရှမ်းပြည်နယ်နဲ့မကွေးတိုင်းဒေသကြီးအပါအဝင် တစ်နိုင်ငံလုံးမှာ ဧက ၁ သိန်းကျော် စိုက်ပျိုးကာ တန်ချိန် ၅၅၀၀ ခန့် ထွက်ရှိတယ်လို့ သိရပါတယ်။

ပြည်တွင်းစိုက် ပဲမျိုးစုံကို ပို့ကုန်ဈေးကွက်နိုင်ငံတွေထံ တင်ပို့မှုမှ နှစ်စဉ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ဝန်းကျင်အထိရရှိနေပြီး စိုက်ပျိုးထွက်ကုန် တင်ပို့မှုတွေထဲက နိုင်ငံခြားဝင်ငွေ ၃၈ ရာခိုင်နှုန်းအထိ ရှာဖွေပေးလျက်ရှိပါတယ်။

**Source: BETV Business**

## မြေပဲဆန်အသစ်များ အဝယ်သွက်နေသော်လည်း ပို့ကုန်ပဲများနှင့် ပဲမာလိုင်းများ အရောင်းအဝယ်အေးနေ

နယ်စုံမှဝင်ရောက်လာသော အသစ်ဝင် မြေပဲဆန်များ အဝယ်သွက်နေသော်လည်း ပို့ကုန်ပဲများနှင့် ပြည်တွင်းသုံး ပဲမာလိုင်းများ အရောင်းအဝယ်အေးနေကြောင်း ကုန်သည်များထံမှသိရသည်။ နိုဝင်ဘာလဆန်းပိုင်းတွင် မန္တလေး ပဲဈေးကွက် အတွင်း နယ်စုံမှ အသစ်ဝင်မြေပဲဆန်များ အဝယ်သွက်နေသည်။

မန္တလေးဈေးကွက်တွင် အသစ်ဝင် မြေပဲဆန်တစ်မျိုးသာ အရောင်းအဝယ်သွက်နေပြီး အခြား ပို့ကုန် မတ်ပဲ၊ ပဲစင်းငုံတို့မှာ အရောင်းအဝယ်ရပ်နေကြောင်း၊ ပြည်တွင်းသုံး ကုလားပဲအုပ်စုနှင့် ပဲမာလိုင်းများမှာလည်း ကထိန်ရာသီတွင် ကုန်သည်များ မစုံလင်သေးသောကြောင့် အရောင်းအဝယ်အေးနေကြောင်း၊ ပဲသစ်ရာသီ စိုက်ပျိုးမှုမှာလည်း စတင်နေချိန်ဖြစ်၍ ဇန်နဝါရီ လကုန်ပိုင်းမှသာ ပဲအသစ်များ စတင်ဝင်ရောက်မည်ဖြစ်ကြောင်း ပဲကုန်သည် ဦးကျော်သွင် (ရွှေစင်သိန်းပွဲရုံ)ပိုင်ရှင်က ပြောသည်။

**Source: မကွေးဂျာနယ်**

## ၃.၁၁.၂၀၂၅ မှ ၇.၁၁.၂၀၂၅ ရက်အထိ တစ်ပတ်အတွင်း သီးနှံဈေးကွက် သုံးသပ်ချက်




**မတ်ပဲ၊ ပဲတီစိမ်း၊ နှမ်းမျိုးစုံဈေးကျပြီး ပဲစင်းငုံ ဈေးကွက်ငြိမ်၊ စပါးဈေးကွက်အေး**

### မတ်ပဲ

မတ်ပဲကတော့ တန်ဆောင်တိုင် ရုံးပိတ်ရက်တွေအပြီး ပြန်ဖွင့်လာတဲ့ ပဲမျိုးစုံ ဈေးကွက်မှာလည်း ဈေးအကျပြနေပါတယ်။ အခုတစ်ပတ်မှာ တစ်တန်ကို ၄၀,၀၀၀ လောက် ဈေးကျတာဖြစ်ပါတယ်။ မတ်ပဲ FAQ ရဲ့ FOB ဈေးကလည်း ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ ၆၉၅ မှ ၇၀၅ အတွင်းသာရှိပါတယ်။ အရင်အပတ်ထက် ၅ ဒေါ်လာကျသွားပါတယ်။ သိုလှောင်ထားတဲ့ မတ်ပဲတွေထုတ်ရောင်းချမှုရှိနေပြီး အိန္ဒိယ အဝယ်နည်းတာကြောင့် ဈေးကဆက်တိုက်ကျလာတာဖြစ်ပါတယ်။

### ပဲစင်းငုံ

ပဲစင်းငုံကတော့ ယခုတစ်ပတ်မှာ တစ်တန် ၂၆ သိန်းကျော်နဲ့ ဈေးကွက်ငြိမ်နေတာ တွေ့ရပါတယ်။ FOB ဈေးနှုန်းကလည်း အရင်တစ်ပတ်ကဖြစ်ပေါ်ခဲ့တဲ့ အမေရိကန်ဒေါ်လာ ၆၇၀ မှ ၆၈၀ အတွင်းမှာပဲ ရှိနေပါတယ်။ ပဲစင်းငုံက လက်ရှိ ပြည်တွင်းမှာ လက်ကျန်နည်းနေပြီး လှောင်လက်သမားတွေသာ ထုတ်ရောင်းခြင်းရှိပေမဲ့ ပြည်ပတင်ပို့မှုနည်းတဲ့အတွက် ဈေးတန်း ငြိမ်နေတာဖြစ်တယ်လို့ သိရပါတယ်။ တန်ဆောင်တိုင် ပိတ်ရက်တွေကြောင့်လည်း ဈေးကွက်ငြိမ်နေတာဖြစ်ပါတယ်။

ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်မှာ ဗုဒ္ဓဟူးနေ့တွင် ၂,၆၃၅,၀၀၀ ကျပ် ၊ ကြာသပတေးနေ့တွင် ၂,၆၅၀,၀၀၀ ကျပ် ၊ သောကြာနေ့တွင် ၂,၆၄၅,၀၀၀ ကျပ်ဈေးရှိပြီး၊ အရင်တစ်ပတ်က တနင်္လာနေ့ကနေသောကြာနေ့အထိ ပဲစင်းငုံနီတစ်တန်ကို ၂,၅၇၇,၀၀၀ မှ ၂,၆၄၀,၀၀၀ ကျပ်ရှိခဲ့ပါတယ်။

**နှမ်း**

နှမ်းမျိုးစုံဈေးကွက်က တန်ဆောင်တိုင်ပွဲတော်ပိတ်ရက်တွေနဲ့အတူ ဝယ်လက်အေးလို့ ဈေးနှုန်းတွေ ကျရိပ်ပြခဲ့ပါတယ်။ နှမ်းနက်စမုံကလည်း ပြည်ပဝယ်လက်အေးလို့ ဈေးကျပါတယ်။ နှမ်းဖြူဂျပန်ကလည်း ဈေးကျလာပြီး နှမ်းညိုကလည်း နှမ်းအသစ်တွေ ဈေးကွက်ထဲကို ဝင်ရောက်မှုရှိနေပြီး ဆီစက်သမား အဝယ်အေးတဲ့အတွက် ဈေးနှုန်းကျလာပါတယ်။ နှမ်းအမျိုးအစားအလိုက် တစ်အိတ်ကို ၈,၀၀၀ မှ ၁၅,၀၀၀ ကျပ်လောက် ဈေးကျလာတာဖြစ်ပါတယ်။

**မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှာ –**

နှမ်းနက်စမုံ – (၄၅ ပိဿာ) တစ်အိတ် ၇၁၀,၀၀၀ မှ ၇၈၀,၀၀၀ ကျပ်

နှမ်းညို – ၂၆၇,၀၀၀ မှ ၂၈၅,၀၀၀ ကျပ်

နှမ်းဖြူဂျပန် – ၂၉၀,၀၀၀ မှ ၃၀၀,၀၀၀ ကျပ်

နှမ်းဖြူဗမာ – ယခုတစ်ပတ် ဈေးဖွင့်လှစ်ထားခြင်းမရှိပါ။

**ပဲတီစိမ်း**

ပဲတီစိမ်းကတော့ တန်ဆောင်တိုင်ရုံးပိတ်ရက်တွေအပြီး မန္တလေးဈေးကွက်မှာ ဈေးပြန်တက်လာတာ တွေ့ရပါတယ်။ မိုးပဲတီစိမ်းအသစ်တွေ ဈေးကွက်ထဲ ဝင်ရောက်မှုရှိပေမဲ့ ဆောင်းပဲစိုက်ပျိုးရာသီဖြစ်တာကြောင့် မျိုးစေ့ဝယ်လိုအားနဲ့ ပြည်ပဝယ်လိုအားရှိတဲ့အတွက် ဈေးတက်လာတာဖြစ်တယ်လို့ သိရပါတယ်။

မန္တလေးကုန်စည်ဒိုင်မှာ မတ်ပဲ (၅၆.၂၅ ပိဿာ) တစ်အိတ် ၃၄၀,၀၀၀ မှ ၃၆၀,၀၀၀ ကျပ်ရှိလာပါတယ်။

အရင်တစ်ပတ်က ၃၃၀,၀၀၀ မှ ၃၄၅,၀၀၀ ကျပ်သာရှိခဲ့တာကြောင့် တစ်အိတ်ကို ၁၀,၀၀၀ မှ ၁၅,၀၀၀ ကျပ်နှုန်း မြင့်တက်လာတာဖြစ်ပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ

ပဲတီစိမ်း (ခရမ်းရွှေဝါ) – တစ်ပိဿာ ၆,၉၁၅ ကျပ်

ပဲတီစိမ်း (ပဲခူးရွှေဝါ) – တစ်ပိဿာ ၆,၉၁၅ ကျပ်

ပဲတီစိမ်း (အညာ) – ၅,၁၆၅ မှ ၅,၁၈၅ ကျပ်

ပဲတီစိမ်း (ဝါးခယ်မ) – ၅,၂၇၀ ကျပ်

**ဤသတင်းကို AMIA မှ ပေးပို့ပါသည်။**

**Source:** http://download.htwettoe.com/

## ၂၀၂၅ ခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ ပို့ကုန်တိုးတက်မှုသည် ၁၀ ဒသမ ၄ ရာခိုင်နှုန်းရှိနိုင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ခန့်မှန်းထား

အမေရိကန်၏ အခွန်ကိစ္စရပ် ပိုမိုရှင်းလင်းလာခြင်း၊ ကမ္ဘာ့စီးပွားရေးပြန်လည်ကောင်းမွန်လာခြင်းနှင့် ဒီဂျစ်တယ်နည်းပညာ ထုတ်ကုန်၊ စိုက်ပျိုးရေးထုတ်ကုန်နှင့် အစားအစာထုတ်ကုန်များအတွက် ဝယ်လိုအား မြင့်တက်လာသောကြောင့် ယခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ ပို့ကုန်တိုးတက်မှုသည် ၉ ဒသမ ၄ ရာခိုင်နှုန်းမှ ၁၀ ဒသမ ၄ ရာခိုင်နှုန်းကြားရှိနိုင်မည်ဟု စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနက ခန့်မှန်းထားကြောင့် ဗန်ကောက်ပို့စ်သတင်းစာတွင် “Exports expected to grow by up to

10.4%” ခေါင်းစဉ်ဖြင့် ဖော်ပြထားပါသည်။

စက်တင်ဘာလအတွင်း ပို့ကုန်သည် အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၉ ဘီလီယံဖြင့် ၁၉ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့သဖြင့် ၁၅ လဆက်တိုက်တိုးတက်မှုရှိခဲ့ပါကြောင်း၊ သွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၆ ဘီလီယံဖြင့် ၁၇ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်မှုရှိခဲ့ပါကြောင်း၊ ယခုနှစ် ပထမ ၉ လအတွင်း ပို့ကုန်သည် အမေရိကန်ဒေါ်လာ ၂၅၄ ဒသမ ၁ ဘီလီယံနှင့် သွင်းကုန်သည် အမေရိကန်ဒေါ်လာ ၂၅၄ ဒသမ ၅ ဘီလီယံရှိခဲ့ကြောင်း၊ စက်တင်ဘာလအတွင်း စိုက်ပျိုးရေးထုတ်ကုန်များနှင့် စက်မှုလယ်ယာထုတ်ကုန်များတွင် ကျဆင်းခဲ့သော်လည်း ပြုပြင်ပြီးကြက်သား၊ ဟင်းသီးဟင်းရွက်နှင့် တိရစ္ဆာန်အဆီ၊ ဂျုံထုတ်ကုန်များနှင့် ပြုပြင်ပြီးအစားအစာများ၊ သကြားနှင့်အေးခဲပုစွန်စသည့် ကဏ္ဍအချို့တွင် တိုးတက်မှုကို မြင်တွေ့ခဲ့ရပါကြောင်း၊ စက်မှုထုတ်ကုန်များ၏ပို့ကုန်သည် ၂၆ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး အဓိကထုတ်ကုန်များမှာ ကွန်ပျူတာများ၊ Peripheral နှင့် အစိတ်အပိုင်းများ၊ မော်တော်ယာဉ်များ၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာများ၊ ဖုန်းများ၊ ယန္တရားများနှင့် လျှပ်စစ်ထရန်စဖော်မာတို့ဖြစ်ကြောင်း ကုန်သွယ်ရေးမူဝါဒနှင့်ဗျူဟာရုံး ညွှန်ကြားရေးမှူးချုပ် Mr. Nantapong Chiralerspong က ပြောကြားခဲ့သည်။

အမေရိကန်အခွန်အပေါ် ရှင်းလင်းမှုရှိလာပြီဖြစ်သဖြင့် စတုတ္ထ ၃ လပတ်တွင် ပို့ကုန်သည် တိုးတက်လာဖွယ်ရှိပြီး ထိုင်းနိုင်ငံသည် အခွန်နှုန်းထားအရ ယှဉ်ပြိုင်နိုင်ဆဲဖြစ်ကြောင်း၊ ထုတ်လုပ်မှုစွမ်းရည်များ တိုးတက်လာသောကြောင့် ကမ္ဘာ့စီးပွားရေးသည်လည်း ပြန်လည်ကောင်းမွန်လာလျက်ရှိရာ ဒီဂျစ်တယ်နည်းပညာ စက်မှုတိုးတက်လာမှုသည် ပို့ကုန်ကို တွန်းအားပေးလျက်ရှိကြောင်း၊ ပို့ကုန်တိုးတက်မှုသည် ယခင်ခန့်မှန်းချက် ၂ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းကိုကျော်လွန်၍ ၉ ဒသမ ၄ ရာခိုင်နှုန်းမှ ၁၀ ဒသမ ၄ ရာခိုင်နှုန်းကြား တိုးတက်နိုင်မည်ဟု ခန့်မှန်းထားပါကြောင်း၊ ယခုနှစ်အတွင်း ပို့ကုန်စုစုပေါင်းတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃၂၉ ဒသမ ၁ ဘီလီယံမှ အမေရိကန်ဒေါ်လာ ၃၃၂ ဒသမ ၁ ဘီလီယံသို့ ရောက်ရှိရန် ခန့်မှန်းထားပါကြောင်း၊ အမေရိကန်နှင့် တရုတ်တို့အကြား ကုန်သွယ်ရေးလက်တုံ့ပြန်မှုဆောင်ရွက်ချက်များ၊ အမေရိကန်အစိုးရ၏ ရေရှည်ပိတ်ဆို့ထားနိုင်မှုဖြစ်နိုင်ခြေ၊ ဘတ်ငွေခိုင်မာနေမှုနှင့် မကြာသေးမီကလက်မှတ်ရေးထိုးခဲ့သည့် ထိုင်း-ကမ္ဘောဒီးယား နယ်စပ်ငြိမ်းချမ်းရေးသဘောတူစာချုပ်တို့သည် စောင့်ကြည့်ရမည့်အချက်များဖြစ်ကြောင်း Mr. Nantapong က ထောက်ပြထားပါသည်။

**Source:** www.bangkokpost.com

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

## ပို့ကုန်တင်ပို့မှုများကျဆင်းခဲ့သဖြင့် တတိယသုံးလပတ်တွင် ဂျာမနီနိုင်ငံ၏စီးပွားရေးသည် ရပ်တန့်နေ

ဥရောပ၏ အကြီးဆုံးစီးပွားရေးဖြစ်သော ဂျာမနီတွင် ပို့ကုန်တင်ပို့ရမှုများကျဆင်းလာသည်နှင့်အမျှ ယင်းကို အရှိန်အဟုန်ပြန်လည်ရရှိစေရန် ရုန်းကန်နေရသည့်အတွက် တတိယသုံးလပတ်တွင် ဂျာမန်ဂျီဒီပီသည် ရပ်တန့်နေခဲ့ကြောင်း ၃၀-၁၀-၂၀၂၅ ရက်က ထုတ်ပြန်ခဲ့သော အချက် အလက်များအရ သိရပါသည်။

ကမ္ဘာလုံးဆိုင်ရာဝယ်လိုအား အားနည်းလာခြင်းနှင့် အမေရိကန်၏ သွင်းကုန်အပေါ် အခွန်နှုန်းထားများတိုးမြှင့်လိုက်မှုက ဂျာမန်ပို့ကုန်များအပေါ် ဖိအားပေးလာခြင်းတို့ကြောင့် ဂျာမနီ၏စီးပွားရေးသည် ယခင်သုံးလပတ်တွင် ၀ ဒသမ ၃ ရာခိုင်နှုန်း ကျုံ့သွားခဲ့ကြောင်း၊ ယင်းမှာ ဂျာမန်စာရင်းအင်းရုံး၏ ပဏာမအချက်အလက်များခန့်မှန်းထားမှုနှင့် ကိုက်ညီနေကြောင်း၊ စက်ပစ္စည်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ မြင့်တက်လာခြင်းကြောင့် သုံးလပတ်နှစ်ပတ်ဆက်တိုက် စီးပွားရေးတိုးတက်မှုနှုန်း အနုတ်လက္ခဏာပြနေသော စီးပွားရေးကျဆင်းမှုအခြေအနေမှ လွတ်မြောက်ခဲ့ကြောင်း Germany's Federal Statistical Office ၏ဖော်ပြချက်အရ သိရပါ သည်။

အမေရိကန်၏ အခွန်အကောက်တိုးမြှင့်မှုကြောင့် ဖြစ်ပေါ်ခဲ့ရသော ဂယက်နှင့်တရုတ်နိုင်ငံနှင့်စီးပွားရေးအရ ပြင်းထန်စွာယှဉ်ပြိုင်နေရမှုများမှာ ပို့ကုန်အလေးထားသော ဂျာမန်စက်မှုလုပ်ငန်းများအတွက် ဆက်လက်ခက်ခဲစေနိုင်လိမ့်မည်ဟု ဂျာမန်

Private Bank တစ်ခုဖြစ်သော Hauck Aufhaeuser Lampe မှအကြီးတန်းစီးပွားရေးပညာရှင် Alexander Krueger က ပြောကြားခဲ့ကြောင်း၊ Commerzbank ၏ အကြီးအကဲဖြစ်သူ စီးပွားရေးပညာရှင် Joerg Kraemer ကလည်း ဂျာမန်အစိုးရ၏ ဘဏ္ဍာရေးအစီအစဉ်အရ လာမည့်နှစ်မတိုင်ခင်အထိ စီးပွားရေးတိုးတက်လာနိုင်လိမ့်မည်ဟု မျှော်မှန်းမထားကြောင်း၊ ထို့ပြင် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရန် အစီအမံများမပါရှိနေသည့်အတွက် ယင်းဘဏ္ဍာရေးအစီအစဉ် ရေရှည်တည်တံ့နေမည် မဟုတ်ဟု ခန့်မှန်းခဲ့ကြောင်း သိရသည်။

ဂျာမန်စီးပွားရေးဝန်ကြီးဌာနသည် အောက်တိုဘာလအစောပိုင်းတွင် ၂၀၂၅ ခုနှစ်အတွက် ၎င်း၏ တိုးတက်မှုနှုန်း ခန့်မှန်းချက်ကို (၀ ဒသမ ၂) ရာခိုင် နှုန်းအထိအနည်းငယ်မြှင့်တင်ခဲ့ပြီး၊ ၂၀၂၆ ခုနှစ်အတွက် (၁ ဒသမ ၃) ရာခိုင်နှုန်းနှင့် ၂၀၂၇ ခုနှစ်အတွက် (၁ ဒသမ ၄) ရာခိုင်နှုန်းတိုးတက်ခန့်မှန်းထားခဲ့ပါသည်။

ဂျာမန်ဝန်ကြီးချုပ် Friedrich Merz ၏ အခြေခံအဆောက်အအုံနှင့် ကာကွယ်ရေးအသုံးစရိတ်များကို သိသိသာသာ တိုးမြှင့်မည်ဟူသော ကတိပြုချက်ကြောင့် စီးပွားရေးတိုးတက်မှုအတွက် မျှော်လင့်ချက်များမြင့်တက်လာခဲ့သော်လည်း လက်တွေ့တွင် ယင်းအစီအမံများကို ပိုမိုကောင်းမွန်သော အခြေအနေများအဖြစ်သို့ ပြုပြင်ပြောင်းလဲရန် မျှော်မှန်းထား သည်ထက် အချိန်ပိုမိုကြာမြင့်နိုင်ကြောင်း ဖော်ပြထားပါသည်။

သြဂုတ်လတွင် အလုပ်လက်မဲ့ဦးရေ(၃ ဒသမ ၀၂)သန်းအထိရောက်ရှိခဲ့ရာ ယင်းပမာဏသည် ဆယ်စုနှစ်တစ်ခုအတွင်း အမြင့်ဆုံးဖြစ်ခဲ့သည့်အတွက် အလုပ်လက်မဲ့နှုန်းမြင့်တက်လာခြင်းသည်လည်း နောက်ထပ် စိုးရိမ်စရာတစ်ခုဖြစ်ခဲ့ကြောင်း၊ ၃၀-၁၀-၂၀၂၅ ရက်တွင် အလုပ်သမားရုံးမှ ထုတ်ပြန်ခဲ့သော ကိန်းဂဏန်းများအရ အောက်တိုဘာလတွင် အလုပ်လက်မဲ့ ဦးရေ(၁၀၀၀၀)ခန့် မမျှော်လင့်ဘဲကျဆင်းခဲ့ရာ အလုပ်လက်မဲ့ဦးရေ(၂ ဒသမ ၉၇၃)သန်းဖြစ်လာခဲ့ကြောင်း၊ ယင်းအပေါ် အလုပ်သမားရုံး၏ အကြီးအကဲဖြစ်သူ Andrea Nahles က ယင်းကျဆင်းမှုကို တိုးတက်မှုဟုသတ်မှတ်၍မရဘဲ အလုပ်အကိုင် တိုးတက်မှု အားနည်းနေဆဲဖြစ်ကြောင်းနှင့် ဆောင်းဦးရာသီတွင် ပြန်လည်ကောင်းမွန်လာသည်ဆိုသော်လည်း ယခုအချိန်အထိ နှေးကွေးနေဆဲဖြစ်ကြောင်းကို သိရှိထားရန်လိုသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

German Chamber of Industry and Commerce (DIHK)၏ အကြီးအကဲဖြစ်သူ Elena Melnikov ကလည်း ကုန်ကျ စရိတ်များမြင့်မားနေခြင်းနှင့် ဗျူရိုကရေစီစနစ်ကျင့်သုံးမှု များလွန်းနေခြင်းတို့သည် စီးပွားရေးပြန်လည်ကောင်းမွန်လာမှုကို နှောင့်နှေးစေသောအချက်များဖြစ်ကြောင်းနှင့် ယင်းအချက်များကပင် ဂျာမန်နိုင်ငံခြားကုန်သွယ်မှုအပေါ် စိန်ခေါ်မှုများ ပိုမို များပြားစေခဲ့ကြောင်း ထောက်ပြခဲ့ပါသည်။

**Source:** **https://www.reuters.com/world/europe/german-economy-stagnates-q3-2025-10-30/**

**(သန္တာစော၊ စီးပွားရေးသံမှူး၊ ဘာလင်မြို့)**

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 10th Nov. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,295 (Shares) | 15,665,700 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,600 | 8,600 | 8,600 | 303 | 2,605,800 | 33,109,694 | 284,743 |
| MTSH | 00002 | 3,500 | +0 | +0.00% | 3,500 | 3,500 | 3,450 | 375 | 1,294,500 | 38,929,150 | 136,252 |
| MCB | 00003 | 7,900 | +200 | +2.60% | 7,900 | 7,900 | 7,900 | 25 | 197,500 | 10,400,986 | 82,168 |
| FPB | 00004 | 2,200 | -50 | -2.22% | 2,150 | 2,250 | 2,150 | 3,105 | 6,831,850 | 29,664,613 | 65,262 |
| TMH | 00005 | 2,950 | +100 | +3.51% | 2,950 | 2,950 | 2,950 | 41 | 120,950 | 12,823,224 | 37,829 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 309 | 531,550 | 19,977,223 | 34,960 |
| AMATA | 00007 | 3,650 | +150 | +4.29% | 3,500 | 3,650 | 3,500 | 1,005 | 3,667,500 | 10,497,598 | 38,316 |
| MAEX | 00008 | 3,150 | +0 | +0.00% | 3,200 | 3,200 | 3,150 | 132 | 416,050 | 23,804,946 | 74,986 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 10th Nov. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 400.02 | +1.83 | +0.46% | 396.62 | 400.28 | 396.62 | 5,295 | 15,665,700 | 8 | 754,516 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 10:30 am, 11th Nov. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,938 (Shares) | 6,186,650 (MMK) |

| MYANPIX | 396.38 ▼ 3.64 |
|---|---|
| Total Volume (shares) | 1,938 |
| Total Value (MMK) | 6 mil |
| Listed Company | 8 |
| Market Cap. (MMK) | 747,649 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 3,450 | ▼ 50 |
| MCB | 00003 | 7,800 | ▼ 100 |
| FPB | 00004 | 2,200 | ▲ 0 |
| TMH | 00005 | 2,900 | ▼ 50 |
| EFR | 00006 | 1,700 | ▼ 50 |
| AMATA | 00007 | 3,550 | ▼ 100 |
| MAEX | 00008 | 3,100 | ▼ 50 |